# Karenni Nationalities Defence Force
# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

၂၀၂၁ခုနှစ်၊နိုဝင်ဘာလ (၂၂) ရက်။

ဒီးမော့ဆိုမြို့နယ်၊ စံပြ (၆)မိုင်နှင့် ဒေါ်ပိုးစီ ကျေးရွာတို့တွင် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော်(KA)၊ KNDF တို့ တိုက်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့ပါသည်။ စံပြ (၆) မိုင်ကျေးရွာနှင့်အနီးတွင် မွန်းလွဲ (၁၃း၄၀)နာရီ နှင့် ညနေ (၁၆း၄၀)နာရီတွင် တကြိမ်စီ၊ ဒေါ်ပိုးစီကျေးရွာအနီး ညနေပိုင်း (၁၈း၁၈) နာရီတွင် တကြိမ် စုစုပေါင်း တိုက်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲများအတွင်း အကြမ်းဖက် စစ်ကောင်စီတပ်ဖက်မှ (၂)ဦး သေဆုံးခဲ့ပါသည်။ မိမိတို့ဘက်မှ ရဲဘော်တဦး မစိုးရိမ်ရသော ဒဏ်ရာရခဲ့ သည်မှအပ အခြားထိခိုက်မှု မရှိခဲ့ပါ။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် တပ်အင်အား (၇၀)ကျော်ဖြင့် လွိုင်ကော်မြို့နယ် ဒေါဆန်းဘွန်းကျေးရွာဖက်မှ ဒီးမော့ဆို စံပြ(မိုင်) ဘက်သို့ စစ်ကြောင်းထိုးခဲ့ပြီး စံပြ (၆) မိုင် ကက်သလစ် ဘုရားရှိခိုးကျောင်းတွင် တပ်စွဲထားလျက်ရှိပါသည်။

ထို့အပြင် လွိုင်ကော်မြို့ ခရစ္စတူးဘုရင် ဘုရားကျောင်းဝိုင်းအတွင်းရှိ ဂရုဏာဆေးခန်းကို အကြမ်း ဖက် စစ်ကောင်စီတပ်များမှ အကြမ်းဖက်စီးနင်းပြီး စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ သူနာပြုများ နှင့် သီလရှင်များ အပါအဝင် စုစုပေါင်း (၁၇) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဆေးခန်းအတွင်း ဆေးကုသမှု ခံယူနေသော လူနာများကို ပြည်သူ့ဆေးရုံသို့ အတင်းအဓမ္မ ရွှေ့ပြောင်းစေခဲ့ပါသည်။ ကမ္ဘာကပ်ရောဂါ ဘေးနှင့် စစ်ဘေးကြုံနေရချိန်တွင် ပြည်သူများအား ကျန်းမာရေး ဝန်ဆောင်မှုပေးနေသော ဂရုဏာ ဆေးခန်းအား အကြမ်းဖက်ဝင်ရောက်စီးနင်းမှုကို KNDF မှ အပြင်းအထန်ရှုံ့ချပြီး အကြမ်းဖက် စစ်ကောင် စီတပ် အမြစ်ပြတ်သည်အထိ ဆက်လက်တော်လှန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ အပ်ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။